ဝန်ဇင်း
Read on the move

# ဦးဘုန်း ( ဓာတု ) မန္တလေး

## (လူငယ်အတွေးရသစာစုများ)

# “သော့”



## စိတ်ကူး၊ အတွေးနဲ့ မေတ္တာအခြေပြု ...စာ

၁။

မဆုံးနိုင်တဲ့ သမိုင်းထဲမှာ

လူသားတွေရဲ့ လှုပ်ရှားမှုက

အဓိက ပါဝင်နေခြင်း ဖြစ်တယ် ...။

၂။

ရာဇဝင်မှာ ဖြစ်ဖြစ်

အတ္ထုပ္ပတ္တိမှာ ဖြစ်ဖြစ်

ဆက်နွယ်သူတွေရဲ့

ခေတ်ကာလ ဖြတ်သန်းမှုကို

ပြန်လည်ပြောပြတဲ့ အခါ ...

ဒါမှ မဟုတ် ကြိုးပမ်းခြင်းကဗျာ ရွတ်ဆိုတဲ့ အခါ ...။

၃။

အသံနည်းနည်း၊ စကားနည်းနည်း တိုတိုနဲ့နဲ့ ...။

၄။

တိုက်စိုရဲ့ စာတိုနဲ့နဲ့ကို နှစ်ခြိုက်ခဲ့တဲ့

ကျွန်တော့်မှာ ...။

၅။

မေတ္တာ၊ စေတနာ အရင်းခံ

ရိုးသားခြင်း စိတ်ဓာတ်ပေါင်းစပ်

သူ့စာကို ဖတ်ကြည့်ဖတ်မိတဲ့ အခါ ...။

၆။

ဒဿနတွေနဲ့ စာတိုတိုမှာ

ရှည်လျားတဲ့ ဘဝအဘိဓမ္မာ

ဦးဘုန်း (ဓာတု) နာမည်နဲ့ ရေးတဲ့ စာ ...။

၇။

သမိုင်းစာမျက်နှာရဲ့ တစ်နေရာမှာ ..။

မောင်စိမ်းနီ

၃-၈-၂၀၁၆

*

# သော့

ဘယ်လောက်ပဲ အလုပ်တွေ များ နေပါစေ ...

တစ်ပတ်လျှင် စာနှစ်ပုဒ် ရေးဖြစ်ခဲ့သော ကျွန်တော် ...

တစ်လလျှင် စာ (၁၀)ပုဒ်ခန့် ရေးဖြစ်ပါသည် ။

တစ်နှစ်လျှင် စာအပုဒ်ရေ (၁၀၀) ကျော် စုဆောင်းမိပါသည် ။

စာကို ပုံမှန်ရေးဖြစ်ခဲ့သည် မှာ (၅) နှစ်ရှိပါပြီ။

ထိုစာများ ထဲမှ သင့်နိုးရာရာများကို "ထမင်းစားဝိုင်း" တစ်ခုကဲ့သို့ ပြင်ဆင်ပေးထားပါ သည် ။

အဓိကဟင်းလျာလည်း ပါ၏။ အရံဟင်းလျာလည်း ပါ၏။

ပူပူကလေး မှုတ်သောက်ဖို့ ဟင်းချိုလည်း ပါ၏။ အချဉ်ရည်လည်း ပါ၏။

အငန်၊ အစပ်၊ အဖန်၊ အခါး၊ တို့ စရာများ လည်း အစုံပါ၏။

မိမိစိတ်ကြိုက် သုံးဆောင်နိုင်စေရန် အတတ်နိုင်ဆုံး ပြုစုပေးထားပါ သည် ။

* * * * *

"သော့" ဟု အမည်ပေးထားသော ယခု "လူငယ်အတွေး ရသစာစုများ " ထဲတွင် ....

လူငယ်များကို ကိုယ်စားပြုသည် လည်း ပါ၏။

အချစ်ကို ရည်ရွယ်သည် လည်း ပါ၏။

စိတ်ခွန်အားကို တွန်းအားပေးသည် လည်း ပါ၏။

အိမ်ထောင်သည် များကို ရည်ညွှန်းသည် လည်း ပါ၏။

လူ့အဖွဲ့အစည်းကို သရော်သည် လည်း ပါ၏။

ခေတ်ကို မီးမောင်းထိုးပြသည် လည်း ပါ၏။

ကျွန်တော် တတ်စွမ်းသလောက် ကြိုးစားပြီး ရေးဖွဲ့စုစည်းပေးထား ပါသည် ။

စာဖတ်သူများက မှတ်ကျောက်တင်ပေးကြပါတော့ ....။

* * * * *

ဤစာအုပ်ပါ "လူငယ်အတွေးရသစာစုများ " ကိုဖတ်ပြီး ...

တစ်ဦးကိုတစ်ဦး ယုံကြည်မှုများ တိုးပွားလာသည့် လူ့အဖွဲ့အစည်း ဖြစ်စေချင်ပါသည် ။

"ငြိမ်းချမ်းပျော်ရွှင်ကြပါစေ" ဟု ဆုမွန်ကောင်း တောင်းအပ်ပါသည် ။

မေတ္တာအင်အားဖြင့် -

ဦးဘုန်း (ဓာတု) မန္တလေး

၁၆-၆-၂၀၁၆ (ကြာသပတေးနေ့)

၀၉ ၄၄၄ ၀၂၆ ၄၁၉

၀၉ ၇၈ ၇၂ ၇၉ ၄၂၂

*

သော့

“အချစ်မှာ အနိုင်၊ အရှုံး ဆိုတာ ရှိလို့ လား။

အနိုင်ယူဖို့ ချစ်ခဲ့တာလည်း မဟုတ်သလို

အရှုံးပေးဖို့ ချစ်ခဲ့တာလည်း မဟုတ်ဘူး လေ။

အချစ်ကို အနိုင်၊ အရှုံးနဲ့ ဆုံးဖြတ်တဲ့

ကစားကွင်းတစ်ခုလို တွေးစရာ လိုလို့ လား။

အချစ်ဆိုတာ နားလည်မှုနဲ့ တည်ဆောက်ပြီး

စာနာမှုနဲ့ လက်တွဲရတယ်။

မျှော်လင့်ခြင်းဆိုတာ အချစ်အတွက် လေးလံမှုတစ်ခုပါ။

တကယ်တော့ အချစ်ဆိုတာ အချစ်ပါပဲ။

ချစ်မိခဲ့ကြတယ်၊ ချစ်ခဲ့မိကြတယ်။

ဘာလို့ ချစ်လဲ၊ ချစ်လို့ ချစ်တယ်။ အဲဒါဟာ အချစ်ပဲပေါ့။”

သော့

(တစ်)

"ယောက်ျားလေးတွေက မတရားဘူး ... သိလား၊ သူတို့ ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက်ထားတော့ စွမ်းလိုက်တာ၊ စွံလိုက်တာ ... တဲ့ ။ ငါတို့ မိန်းကလေးတွေ နောက်ထပ် ရည်းစားတစ်ယောက်နဲ့ ထပ်ပြီးတွဲရင် ဘာဘာညာညာ ပြောချင်ကြတယ်"

တက္ကသိုလ်ကျောင်း၏ လက်ဖက်ရည်ဆိုင်တွင် ဖြစ်သည် ။ မိန်းကလေးတစ်သိုက် ယောက်ျား လေးတွေအကြောင်း ပြောနေကြလေ၏။

"ဟိုကောင် ကျော်ခိုင်၊ ဒီကောင် ငါ့သူငယ်ချင်း မိချောကို စကားလုံးတွေ ပစ်သွင်းပြီး နှလုံးသားကို လုယူသွားတယ်။ ဟော ... အခုကြည့်၊ မိချော အနားကို မကပ်တော့ဘူး၊ သီတာနဲ့ တွဲနေပြန်ပြီ။ တော်တော် သစ္စာမဲ့တဲ့ ယောက်ျားတွေ"

မိချောက မျက်နှာငယ်ငယ်ဖြင့် နားထောင်နေရှာသည် ။

"ငါလည်း ငါပါပဲဟယ် ... သိလား။ ကျော်ခိုင်က ပြောသွားသေးတယ်။ သူ့အချစ်ဟာ ကျောက်ဖြစ်ရုပ်ကြွင်းလို အမြဲတမ်း တည်ရှိနေမှာ ပါတဲ့ ။ အနည်ကျကျောက်တွေထဲမှာ ရုပ်ကြွင်းတွေ ရှိသလို၊ သူ့ရဲ့ နှလုံးသားထဲမှာ လည်း ငါဟာ ရုပ်ကြွင်းတွေလို ထာဝရ တည်ရှိနေမယ်လို့ သူက အမြဲ ပြောတယ်။ ငါ အခု သိလိုက်ပါပြီ၊ ငါဟာ သူ့ရဲ့ ရုပ်ကြွင်း"

မိချော၏ သူငယ်ချင်းများက ကျော်ခိုင်အပေါ် မကျေနပ်။ ကျော်ခိုင်ကို လက်စားချေဖို့ အတွက် မိချောကို ရည်းစားတစ်ယောက် ထပ်ပြီး ထားခိုင်းသည် ။

"ဒီမယ် မိချော၊ ကျော်ခိုင်ကို အနိုင်ယူဖို့ ရည်းစားတစ်ယောက် အမြန်ဆုံး ထားရမယ်။ ကျော်ခိုင်အတွက် မှိုင်တွေမနေနဲ့ ၊ ဆွေးမနေနဲ့ ၊ ငါတို့ ရှုံးတယ်။ ငါတို့ ထဲက စန္ဒာကို ကြည့်စမ်း၊ အခုဆိုရင် ရည်းစားအသစ်နဲ့ တွဲနေပြီ"

မိချောက ဘာမှ ပြန်မပြောဘဲ ငုံ့ပြီး နားထောင်နေသည် ။ သူ့ရှေ့တွင် ရှိသော လက်ဖက်ရည် ခွက်ကို ကြည့်ပြီး ကျော်ခိုင်ကို သတိရနေမိ၏။

ကျော်ခိုင်က လက်ဖက်ရည်သောက်လျှင် ဖန်ဆိမ့်ကို သောက်လေ့ရှိသည် ။

မိချောက ချိုဆိမ့်ကို သောက်လေ့ရှိသည် ။

အဲဒီကတည်းက မိချော သဘောပေါက်ခဲ့ဖို့ ကောင်းသည် ။ ဖန်ဆိမ့်နှင့် ချိုဆိမ့်။

"လက်ဖက်ရည်ဝိုင်းရဲ့ စားပွဲခုံပေါ်မှာ တောင် အမြင်ချင်းမတူတဲ့ ချစ်သူနှစ်ဦး။ ဝေးကြတာပဲ ကောင်းပါတယ်" ဟု မိချောက တွေးနေမိသည် ။ တစ်ခါတလေ ကျော်ခိုင်က မိချောကို ဖန်ဆိမ့် လက်ဖက်ရည် သောက်ကြည့်ဖို့ စည်းရုံးတတ်သည် ။ မိချောက ဖန်ဆိမ့်လက်ဖက်ရည်ကို သောက်လျှင် ရင်တုန်တတ်သည် ။ သူ့အကြိုက်ကို မလိုက်ဟု ထင်သွားမှာ လည်း စိုးရသေးသည် ။

"ဒီမယ် မိချော၊ အဲဒီကောင် ကျော်ခိုင် နင့်ကို ဘာတွေ လုပ်သွားသေးလဲ၊ အမှန်အတိုင်း ပြောစမ်း"

မိချောက ဘာမှ ပြန်မဖြေ။ တချို့ကိစ္စတွေက ဒီအတိုင်းပဲ ထားတာပို၍ ကောင်းပါသည် ။ လူတွေ သိတာက နည်းနည်းလေး။ ကိုယ့်အကြောင်းကို ကိုယ်က ပိုပြီး သိသည် ။ ဖြေရှင်းမှ ပို၍ ဆိုးသွားရသည့် အဖြစ်မျိုး မိချော မလိုချင်။

"ကျော်ခိုင် ဆိုတဲ့ ကောင်က ခြေသွက်လက်သွက်ဟဲ့။ အပြောအဆိုကလည်း ညက်ညက် ကလေး။ ရည်းစားဆိုတာ ဟောတစ်ယောက် ... ဟောတစ်ယောက်။ ကျော်ခိုင်ကို နင် အရှုံးပေးလိုက် ရပြီ မဟုတ်လား မိ

ချော”

“အချစ်မှာ အနိုင်၊ အရှုံးဆိုတာ ရှိလို့ လား။ အနိုင်ယူဖို့ ချစ်ခဲ့တာလည်း မဟုတ်သလို အရှုံးပေး ဖို့ ချစ်ခဲ့တာလည်း မဟုတ်ဘူး လေ။ အချစ်ကို အနိုင်၊ အရှုံးနဲ့ ဆုံးဖြတ်တဲ့ ကစားကွင်းတစ်ခု လို တွေးစရာ လိုလို့လား။ အချစ်ဆိုတာ နားလည်မှုနဲ့ တည်ဆောက်ပြီး စာနာမှုနဲ့ လက်တွဲရတယ်။ မျှော်လင့်ခြင်း ဆိုတာ အချစ်အတွက် လေးလံမှုတစ်ခုပါ။ တကယ်တော့ အချစ်ဆိုတာ အချစ်ပါပဲ။ ချစ်မိခဲ့ကြတယ်။ ချစ်ခဲ့မိကြတယ်။ ဘာလို့ ချစ်လဲ။ ချစ်လို့ ချစ်တယ်။ အဲဒါဟာ အချစ်ပဲပေါ့။ အချစ် အတွက် အနိုင်၊ အရှုံး တွေးနေဖို့ လိုသေးသလားရှင် ..” ဟု မိချော တစ်ယောက်တည်း တိုးတိုးလေး ပြန်ပြီး ဖြေနေမိသည် ။

“ငါပြောမယ် မိချော၊ နင် … ကျော်ခိုင်ကို လက်စားချေရမယ်။ နင့်ကိုယ်စား ငါတို့ အရှုံးမခံ နိုင်ဘူး။ ဟိုကောင် ကျော်ခိုင်က အခုဆိုရင် သီတာနဲ့ ပျော်လို့ ၊ မော်လို့ ။ မနေ့တုန်းက ကျော်ခိုင့်ကား ပေါ်မှာ သီတာ့ကို တွေ့လိုက်ရတယ်။ တော်တော် မျက်နှာပြောင်တဲ့ အကောင်”

မိချောက အေးစက်နေသော လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်ပြီး အားလုံးကို ပြုံးပြလိုက် သည် ။

“လက်စားလည်း မချေချင်ပါဘူး။ ပြန်ပြီးတော့လည်း မမျှော်လင့်ပါဘူး။ ငါတို့ ဘူမိဗေဒ ပညာရပ်မှာ ကျောက်ဖြစ်ရပ်ကြွင်းဆိုတာ ရှိတယ်။ နင်တို့ မှတ်ထားကြ

ဒီစကြဝဠာကြီးထဲမှာ သက်ရှိ၊ သက်မဲ့ မှန်သမျှ လိမ်လို့ မရဘူး၊ ညာလို့ မရဘူး။ ဒီကမ္ဘာ မြေကြီးရဲ့ အတိတ်အကြောင်းကို ရုပ်ကြွင်းတွေက ပြန်ပြီး ပြောပြကြတယ်။ မြေကြီးတွေမှာ သမိုင်း ရှိသလို လူတွေမှာ လည်း သမိုင်းရှိတယ်။ သမိုင်းဆိုတာ ဖျောက်ဖျက်လို့ မရဘူး။ သူနဲ့ ငါတို့

ရဲ့ အချစ်သမိုင်းက ရုပ်ကြွင်းအဖြစ် ထာဝရ တည်ရှိနေမှာ ပါ။ နင်တို့ က ငါ့ကို မေ့ဖို့ ပြောတယ်။ ငါက လက်ဖက်ရည်သောက်ရင်း သူ့ကို သတိရနေတာ”

“နင် … တော်တော်ညံ့တဲ့ ကောင်မစုတ်ပဲ။ ဒီကောင့်ကို နင်သတိရစရာ မလိုဘူး။ ဘာရုပ်ကြွင်းလဲ၊ မေ့ပစ်လိုက်။ သူ့ကို သတိရနေရင် ငါတို့ ရှုံးတယ်။ သူ့ကို မြန်မြန်မေ့ဖို့ နင် နောက်ထပ် ရည်းစားတစ်ယောက် မြန်မြန်ထားကို ထားရမယ်။ နင့်ကိုယ်စား ငါတို့ အရှုံးမခံနိုင်ဘူး”

မိချောက ကျော်ခိုင်နှင့် သွားခဲ့၊ လာခဲ့သည် များကို ပြန်လည်ပြီး မြင်ယောင်နေမိသည် ။ ကျော်ခိုင်က အပြောကောင်းသလို စည်းရုံးရေးလည်း ကောင်းသည် ။ သူ့ရဲ့ အပြုံးနှင့် စကားလုံး အောက်မှ မိချော၏ ဘဝတစ်ခုလုံး ရေစုန်မျောရတော့မလို ဖြစ်ခဲ့ရသည် ။

“ငါ နောက်ထပ်ရည်းစားတစ်ယောက် ထပ်ထားဖို့ မလိုတော့ပါဘူးဟယ်၊ တက္ကသိုလ် ကျောင်းကို စပြီးတက်စဉ်တုန်းက ဒီရည်ရွယ်ချက်တွေ ငါတို့ မပါဘူးလေ”

“ဘာပဲဖြစ်ဖြစ်၊ ကျော်ခိုင့်ကို ငါတို့ မကျေနပ်ဘူး၊ ဒီကောင် အသည်းကွဲဖို့ အတွက် နင် .. သူ့ကို ပညာပြတဲ့ အနေနဲ့ ချစ်ချစ်၊ မချစ်ချစ် ရည်းစားတစ်ယောက် ထားကိုထားရမယ်၊ ဒါပဲ”

မိချောက အဝေးကိုကြည့်ပြီး စဉ်းစားနေသည် ။

## (နှစ်)

သူတို့ စကားဝိုင်းနှင့် မလှမ်းမကမ်းတွင် ယောကျ်ားလေးတစ်သိုက်။

မိန်းကလေးတွေအကြောင်း ပြောနေကြသည် ။

“ဟိုတစ်နေ့တုန်းက ငါ့ဆရာပြောတဲ့ စကားတစ်ခွန်း၊ ငါကြိုက်တယ်

ကွာ”

“ဘာများ လဲ”

“ငါ့ရဲ့ ဆရာက လူပျိုကြီး၊ ပြီးတော့ ဒဿနိကဗေဒသင်တဲ့ ဆရာ။ သူက ပြောဖူးတယ်၊ အထီးကျန်တယ်ဆိုတာ သူငယ်ချင်းတွေက ကိုယ့်ကို ပစ်ပယ်ထားလို့ အထီးကျန်တာက နည်းနည်း တဲ့ ။ ကိုယ်က သူငယ်ချင်းတွေကို ပစ်ပယ်ထားမိလို့ အထီးကျန်မှုဖြစ်တာက များများ တဲ့ ”

“အေး … တွေးကြည့်တော့လည်း ဟုတ်သားပဲ”

“ဒီလိုပဲ … သူငယ်ချင်းတွေက ကိုယ့်ပေါ် မခေါ်တာလား၊ ကိုယ်က သူငယ်ချင်းတွေကို မေ့နေမိတာလား၊ စဉ်းစား။ သူငယ်ချင်းတွေကို ကိုယ်က မေ့နေပြီး ကိုယ့်ကို သူယ်ချင်းတွေက မခေါ်ဘူးလို့ ဆုံးဖြတ်တတ်ပြန်တယ်တဲ့ ”

“ဒါလည်း မှန်တာပဲ”

“တစ်ခါတလေ သူငယ်ချင်းတွေကို ကိုယ်က အပြစ်မြင်နေမိပြီဆိုရင် သေသေချာချာ တွေးကြည့်တဲ့ ။ သူငယ်ချင်းတွေမှာ ရှိတဲ့ အပြစ်က နည်းနည်းလေး။ အဲဒီအပြစ်ကို ပုံကြီးချဲ့တတ်တဲ့ ကိုယ့်ရဲ့ စိတ်ကြောင့် အဲဒီအပြစ်ဟာ ကြီးသထက် ကြီးလာတတ်တယ်”

“မင်းဆရာပြောတာ မိုက်တယ်”

“အချစ်ဆိုတာလည်း အတူတူပဲ၊ သူက ကိုယ့်ကိုပဲ ချစ်ချစ်၊ ကိုယ်က သူ့ကိုပဲ ချစ်ချစ်၊ တစ်ဖက်ဖက်က ချစ်နေရုံနဲ့ အချစ်ဟာ အရသာပြည့်ဝနေတဲ့ ဝိုင်ချိုတ်တစ်ခွက်ပဲတဲ့ ။ ဝိုင်ချိုကို ဘယ်ခွက်ထဲ ထည့်သောက်သောက် ဝိုင်ချိုဟာ ဝိုင်ချိုပဲ။ ခွက်ပြောင်းသောက်ရုံနဲ့ ဝိုင်ချိုရဲ့ အရသာပြောင်းမသွားဘူး”

"ဟုတ်တယ်ကွ"

"ဒါပေမဲ့ နှစ်ဖက်စလုံး အပြန်အလှန် ချစ်သွားကြပြီ ဆိုရင်တော့ အဲဒီ ဝိုင်ချိုဆိုတဲ့ အချစ်ရည် ထဲကို ရေရောလိုက်သလိုပဲ။ သူက ပိုချစ်တယ်၊ ငါက ပိုချစ်တယ်၊ သူက ငါ့လောက် မချစ်ပါဘူး၊ ငါကသာ သူ့ထက်ပိုပြီး ချစ်နေရတာပါ။ အချစ်ချင်း ပြိုင်နေကြရင်းနဲ့ အချစ်ရဲ့ အရသာဟာ တစ်ဝက်လောက် လျော့ကျသွားရောတဲ့ ။ ဒါကြောင့် ကိုယ်က သူ့ကို ချစ်နေတယ်ဆိုရုံနဲ့ အချစ်ဟာ ပြည့်စုံနေပြီ"

"မင်းစကားက နားလည်ရ ခက်လိုက်တာ"

"ပြီးတော့ ငါ့ဆရာ လူပျိုကြီးက ပြောသေးတယ်။ တက္ကသိုလ် ကျောင်းသားဘဝမှာ ရှိတဲ့ အချစ်ဆိုတာ စီးကရက်တစ်လိပ်နဲ့ တူတယ်တဲ့ ။ ရည်းစားထားမိတဲ့ သူဟာ အဲဒီစီးကရက်ကို မီးညှိ ခြင်းပဲ။ မီးညှိလိုက်တာကြောင့် တဖြည်းဖြည်းချင်း လောင်ကျွမ်းမယ်။ ပြီးတော့ မီးခိုးတွေ ထွက်လာ မယ်။ ရှူရှိုက်ခြင်း ခံရမယ်။ မှုတ်ထုတ်ခြင်း ခံရမယ် ။ နောက်ဆုံး အဲဒီစီးကရက်ကလေးက တိုလာ မယ်။ ပြီးရင် ဘဝပျက်မယ်။ ရည်းစားမရှိတဲ့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဘဝဟာ မီးမညှိရ သေးတဲ့ စီးကရက်တစ်လိပ်ပဲ။ အလွန် တန်ဖိုးရှိတယ်တဲ့ "

သူတို့ စကားတွေက အတွေးအခေါ် ပါလေ၏။

"နောက်ပြီး ပြောသေးတယ်၊ သိပ်ချော သိပ်လှတဲ့ ကျောင်းသူတွေဟာ ပိတောက်ပန်းနဲ့ တူ တယ်တဲ့ ။ ဟိုလူက ချိုးချင်၊ ဒီလူက ပန်ချင်နဲ့ ။ အပွင့်ဝါဝါ ပွင့်ပြီး ပန်းရှိတဲ့ သစ်ကိုင်းဟာ အခုတ်ခံရ လို့ မြန်မြန် ပျက်စီးရသတဲ့ "

တစ်ဖက်စားပွဲဝိုင်းရှိ ကျောင်းသူများကို နားထောင်နေသူများ ထဲမှ ကျောင်းသားတစ်ယောက် က မြင်တွေ့သွားပြီး စကားလမ်းကြောင်း

ပြောင်းသွားရပြန်သည်။

"ဟော့ ... ကြည့်စမ်း၊ ဟိုဘက်က အုပ်စုကို သိသလား"

အားလုံးက ကျောင်းသူများ ထိုင်နေသည့် စားပွဲဝိုင်းကို မသိမသာ လှမ်းပြီး အကဲခတ်လိုက် ကြသည်။

"အဲဒီအထဲမှာ ကျော်ခိုင်ရဲ့ ကောင်မလေး ပါတယ်။ မိချောတဲ့။ ကျော်ခိုင်က အခု သီတာနဲ့ တွဲနေတယ်။ အဲဒါကို ဆွေးနွေးပွဲ ကျင်းပနေကြတာ။ ကျော်ခိုင်ကို လက်စားချေကြဖို့ တဲ့။ သူတို့ ပြောနေတာတွေကို ငါ ကြားနေရတယ်"

"ဒါဆိုရင် မင်းက ငါ ပြောတာတွေကို စိတ်မဝင်စားဘူးပေါ့"

ထိုသို့ ပြောပြီး တဝါးဝါး တဟားဟားဖြင့် ရယ်ကြလေ၏။

"ဒါဆိုရင် ... ငါ့ရဲ့ ဒဿနိကဗေဒဆရာ လူပိျူကြီး ပြောဖူးတာကို ငါ ပြန်ပြောပြရဦးမယ်"

"မင်းဆရာကလည်း လူပိျူကြီးပီပီ ဘာတွေများ ပြောသေးတာလဲ"

"ဒီလိုကွ၊ မိန်းကလေးတွေက ပြောတတ်ကြတယ်။ ယောကျ်ားလေးတွေ ရည်းစားများ တာကို လူတွေက အပြစ်မမြင်ကြဘူး။ မိန်းကလေးတွေ ရည်းစားများ ရင်တော့ အပြစ်မြင်တတ်ကြတယ်။ အပြစ်တင်တတ်ကြတယ်။ အဲဒါ သော့ဒဿနကို မသိလို့ ပြောနေကြတာတဲ့။ မင်းတို့ အတွက် သော့ ဒဿနကို ငါပြောပြမယ်"

ဒဿနိကမေဂျာ ကျောင်းသားက ဆရာကြီး လုပ်နေလေတော့သည်။

"ကဲ ... ဆိုစမ်းပါဦး"

“သော့တံနဲ့ သော့ခလောက်၊ သော့ခလောက် တစ်ခု ဖွင့်ဖို့၊ ပိတ်ဖို့ အတွက် အဲဒီ သော့ခလောက် နဲ့ ကိုက်ညီတဲ့ သော့တံတစ်ချောင်း လိုတယ် ဟုတ်လား”

ပြောရင်းဖြင့် မေးသည် ။

ပြီးတော့ ဆက်ပြီး ပြောသည် ။

“သော့ခလောက်တစ်ခုဟာ သူ့ရဲ့ သော့တံမဟုတ်ဘဲ ဖွင့်ခြင်း၊ ပိတ်ခြင်းကို လက်ခံပြီဆိုရင် အဲဒီသော့ခလောက်ဟာ ကောင်းတဲ့ သော့ခလောက်လား၊ ပျက်စီးနေတဲ့ သော့ခလောက်လား”

“ပျက်နေတဲ့ သော့ခလောက်” ဟု အားလုံးက ဖြေသည် ။

“အေး … ဟုတ်တယ်၊ ဘယ်သော့တံပဲ လာလာ လက်ခံတဲ့ သော့ခလောက်ဟာ အစုတ်ပဲ။ ပြီးတော့ ရှိသေးတယ်”

ဘာကို ရည်ရွယ်နေမှန်း မသိ၍ အားလုံးက စိတ်ဝင်တစားဖြင့် နားထောင်နေကြတော့သည် ။

“မာစတာကီး ဆိုတဲ့ သော့တံ၊ သူဟာ ဘယ်သော့ခလောက်ကို မဆို ဖွင့်နိုင်တယ်၊ ပိတ်နိုင် တယ်။ သော့ခလောက်ဟာ ဘယ်လောက်ပဲ ကောင်းနေပါစေ မာစတာကီးနဲ့ တွေ့သွားရင် ပွင့်တော့ တာပဲ”

နားထောင်နေသူများ ထဲမှ သူငယ်ချင်းတစ်ယောက်က စိတ်ရှည်ပုံ မပေါ်။

ထို့ကြောင့် “မင်းစကားက “ဝေ့” နေပြီ။ လိုရင်းပြောကွာ၊ အတန်းတက်ရဦးမှာ ” ဟု ဆိုလေ ၏။

“ငါ ပြောချင်တာက ဒီလို။ ဒီသော့ဒဿနကို မိန်းကလေးတွေ သိသင့်

တယ်။ သော့တံတစ်ခု ကျပျောက်သွားတဲ့ သော့ခလောက်ဟာ နောက်ထပ် သော့တံတစ်ခုကို ရှာရင်း မာစတာကီးနဲ့ တွေ့သွားတတ်တယ်။ ငါတို့ တက္ကသိုလ်ကျောင်းတော်ကြီးရဲ့ နှလုံးသားရပ်ဝန်းမှာ မာစတာကီးတွေကလည်း တစ်ပုံကြီး။ သော့တံကျပျောက်သွားတဲ့ သော့ခလောက်တွေကလည်း အများကြီး။ သော့တံ အသစ်တစ်ချောင်း ရှာရင်းနဲ့ မမျှော်မလင့် ပျက်စီးသွားရတဲ့ သော့ခလောက်တွေကလည်း များမှ များ ၊ သော့ခလောက်တွေက သော့တံတွေနဲ့ ပြိုင်ပြီး မမိုက်သင့်ဘူး။ အခုတော့ သော့ခလောက်နဲ့ သော့တံ အမှားချင်းပြိုင် အနိုင်လုနေကြတာဟာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေရဲ့ ဘဝလား စဉ်းစားစရာကောင်းတယ်။ ဒါဟာ သော့ဒဿနပဲ”

## (သုံး)

ထိုအချိန်တွင် မိချောတို့ လူစု လက်ဖက်ရည်ဆိုင်မှ ထသွားကြလေ၏။

သူတို့ လက်ထဲမှာ တော့ ဆိုင်ကယ်သော့ ကိုယ်စီနဲ့ ….။

**ကလေးတက္ကသိုလ်မဂ္ဂဇင်း၊ ၂၀၁၆။**

*